နေရာထိုင်ခင်းထိန်းသိမ်းရေးအကြံပေးကော်မတီ

ဆွေးနွေးပွဲခန်းမ၊ Cheek-Clark အဆောက်အအုံ

ဇန်နဝါရီ ၁၉၊ ၁၀၁၂

**<u>ကြိုဆိုဧည့်ခံခြင်းနှင့်မိတ်ဆက်စကားပြောခြင်း</u>**

(မစ္စ လေးဟော့တ်) မှအစည်းအဝေးတက်ရောက်လာသူများအားလုံးကိုကြိုဆိုဧည့်ခံ၍ ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။ တက်ရောက်လာကြသောအကြံပေးကော်မတီဝင်များမှာ ဗာဂျီးနီးယား ဘေလေ့ဗ်၊ စယ်လ်ဗီယာဘလန်း၊ ရှောင်းကယ်လ်ဝဲလ်၊ ဒေးဗစ်ဖရဲလေး၊ ဂျွန်ဝီလျံ၊ ဂျူနီတာ ဝီလျံ၊ အင်ဂျလာဂူးမက်၊ ဒိုနယ်လ်ရိုက်၊ အောင်ကျော် နှင့် စောလောလမူးတို့ဖြစ်ကြပါသည်။ ထို့အပြင် ကယ်ရိုလင်းအဲန်လန်၊ ထရေစီအက်နရူး၊ ကယ်လီဖရင်း၊ ခရစ်စတိုဖာချီရှွန် နှင့် ဝန်ထမ်းအထောက်အပံ့ မေရီကရဲလ်ဗင်တို့လည်းတက်ရောက်ခဲ့ပါသည်။ ဂျော့စ်ဂိုန်း(စ) တစ်ဦးတည်းသာတက်ရောက်ရန် ပျက်ကွက်ခဲ့ပါသည်။

**<u>ကော်မတီပြက္ခဒိန်</u>**

မစ္စတာချီရှွန် သည်နှစ်တစ်နှစ်၏အကြံပြုထားသောပြက္ခဒိန်ကို ပြန်ကြည့်ကာ ရက်နှစ်ရက်နှင့် ပတ်သတ်၍ဆွေးနွေးခဲ့ကြပါသည်။ ထိုနှစ်ရက်မှာဂျူလိုင် ၅ရက် လွတ်လပ်ရေးအားလပ်ရက်ပြီး နောက်တစ်မနက် နှင့် နိုဝင်ဘာ၂၂ရက်ကျေးဇူးတော်ချီးမွမ်းခြင်းနေ့တို့ဖြစ်ပါသည်။ ဩဂုတ်လအတွင်း တွင်တွေ့ဆုံရန်ချိန်းချက်ထားမှုသုံးကြိမ်ရှိသဖြင့်မစ္စတာကယ်လ်ဝဲလ်က ဂျူလိုင်၅ရက်နေ့အစည်းအဝေး ကိုဖြတ်သိမ်းရန်အကြံပေးခဲ့ပါသည်။ မစ္စတာ ဖရဲလေး ၂၀၁၂ခုနှစ်နိုဝင်ဘာ၂၂ရက်တွင်တွေ့ဆုံမည့် အစားနိုဝင်ဘာ၁၆ရက်၊ သောကြာနေ့တွင်တွေ့ဆုံရန်အတွက်အကြံပေးခဲ့ပါသည်။ မစ္စတာ ချီရှွန်က အစည်းအဝေးနောက်တစ်ကြိမ်တွင်ပြင်ထင်မွမ်းမံထားသောပြက္ခဒိန်ကိုပေးအပ်မည်ဟု ပြောကြားခဲ့ ပါသည်။

**<u>အစည်းအဝေးမှတ်တမ်းများ၊ ဇန်နဝါရီ ၅၊ ၂၀၁၂ အစည်းအဝေး</u>**

မစ္စ်ဟော့တ်သည်တက်ရောက်လာသူများထံသို့ ဇန်နဝါရီလ၅ရက်နေ့အစည်းအဝေးမှတ်တမ်းကိုဖတ်ပြ ရာတွင်ပျက်ကွက်ခဲ့ကြသောအသင်းဝင်များစာရင်း (ဂျော့စ်ဂိုန်း(စ)၊ ကျော်အောင် နှင့်စောလောလမူး) ကိုမှတ်တမ်းတင်ထားခြင်းမရှိကြောင်းထည့်သွင်းသင့်ကြောင်းအကြံပေးခဲ့ပါသည်။ မစ္စ်ဝီလျံမှဖြည့်စွက် ထားသည့်အစည်းအဝေးမှတ်တမ်းများကိုသာလက်ခံရန်အဆိုပြုချက်တင်ပြခဲ့ပြီး မစ္စတာဖရဲလေး မှလည်းထောက်ခံသဖြင့် ပြင်ဆင်ထားသည့်အစည်းအဝေးမှတ်တမ်းကိုတညီတညွတ်တည်းလက်ခံခဲ့ ကြပါသည်။ အစည်းအဝေးမှတ်တမ်းများကို ၂၀၁၂၊ ဇန်နဝါရီ ၂၃ တွင်ပြန်လည်မွမ်းမံစစ်ဆေးကာ ထုတ်ပြန်မည်ဖြစ်ပြီးဝဘ်ဒ်ဆိုက်ထဲသို့တင်မည်ဖြစ်ပါသည်။

## ကယ်ရီလင်းအဲန်လန် ထံမှ နောက်ဆုံးအချက်အလက်များ

မစ္စအဲန်လန် မှနေ၍ပဏာမခြေလှမ်းလုပ်ဆောင်ချက်များနှင့်ပတ်သတ်သောနောက်ဆုံးပေါ်အခြေအနေကို အတိုချုပ် ပြောပြခဲ့ပါသည်။

- နေရာထိုင်ခင်းထိန်းသိမ်းရေးပမာဏခြေလှမ်းများ၏ဝဘ်ဒ်ဆိုက်ကိုမကြာမီအချိန်တွင်ပြန်လည်မွမ်းမံစစ်ဆေးကာပြင်ဆင်မည်ဖြစ်ပါသည်။
- ESOL အပိုင်းကဏ္ဍများကို ၂၀၁၂၊ ဇန်နဝါရီ ၁၈ရက်တွင် အတန်းတစ်ခုစီမှအဖွဲ့ဝင်ကိုး(၉)ဦးနှင့်စတင်မည်ဖြစ်ပါသည်။
- တက္ကသိုလ်အနေဖြင့် လူသစ်ဌားရမ်းခြင်းဖြစ်စဉ်ကို ပရဝုဏ်အနှံ့ယာယီအလုပ်များအတွက်စတင်ခဲ့ပါသည်။ ယာယီအလုပ်များကိုကြော်ငြာကပ်ထားပြီးဖြစ်ပြီး လျှောက်ထားသူများသည်အွန်လိုင်းမှတဆင့်လျှောက်လွှာဖြည့်ကာလျှောက်ရန်လိုအပ်မည်ဖြစ်ပါသည်။

အဆိုင်းများနှင့်ဝန်ထမ်းများနှင့်ပတ်သတ်သောဆွေးနွေးချက်အပိုများလည်းရှိခဲ့ပါသည်။

- မစ္စအဲန်လန် မှနေ၍တတိယအဆိုင်းအလုပ်အတွက်ထည့်သွင်းမှုများကိုပြုလုပ်ရန်ကော်မတီကိုတင်ပြခဲ့ပါသည်။ သူမအနေဖြင့်ဖောက်သည်လိုအပ်ချက်များကြောင့်ထိုနေရာတွင် လူ အနည်းငယ် သို့မဟုတ် လူတစ်ဦးတစ်ယောက်မှအလုပ်မလုပ်ချိန်တွင်အချို့သောအဆောက်အအုံEရိယာများကိုသန့် ရှင်းရေးလုပ်နိုင်ကြောင်းသတိထားမိပါသည်။ ဤအချင်းအရာကြောင့်တတိယအဆိုင်းအလုပ် သမားများကိုအမြဲလိုအပ်ကြောင်းဖော်ပြခဲ့ပါသည်။
- မစ္စတာရိုက် မှ ဝန်ထမ်းနည်းပါးခြင်းနှင့် လွတ်လပ်နေသောအလုပ်များကိုကာမိစေရန်အတွက်အလုပ်အပိုအလိုများကို လုပ်ရခြင်းနှင့် ပတ်သတ်သောမေးခွန်းများကို တင်ပြခဲ့ပါသည်။ မစ္စအဲန်လန်က လွန်ခဲ့သောသုံးနှစ်တွင်အသုံး စရိတ် အတွက်ဖြတ်တောက်မှုများ ရှိခဲ့ခြင်းကြောင့် ရာထူးနေရာများ ဖြုတ်ချပစ်ခြင်းတို့ဖြစ်ပွား ခဲ့ကြောင်းအတိုချုံးရှင်းပြခဲ့ပါသည်။ သို့ရာတွင် အိမ်ရာနှင့်နေထိုင်ရေးပညာရေးမှနေ၍ယင်း၏ သန့်ရှင်းရေးအတွက်ရံပုံငွေများကိုထောက်ပံ့ပေးအပ်ခဲ့သဖြင့် အိမ်ရာအပိုင်းသည်အခြားပညာရေးနှင့်ကျန်းမာရေးအပိုင်း တို့နှင့်မတူပဲဤဖြတ်တောက်မှုများကြောင့်အကျိုးသက်ရောက်ခြင်းမရှိခဲ့ပေ။
- အိမ်ရာပိုင်းဆိုင်ရာဝန်ထမ်းများကိုပြောင်းလဲခြင်းများနှင့်ပတ်သတ်သောဆွေးနွေးချက်တစ်ခုလည်းပါဝင်ပါသည်။ မစ္စအဲန်လန် ပြောပြချက်အရ အိမ်ရာနှင့်နေရာထိုင်ခင်းဆိုင်ရာပညာရေးအဖွဲ့အနေဖြင့်ပရဝုဏ်ပြင်ပတိုက်ခန်းများအိမ်ရာများနှင့်အမြဲတစေယှဉ်ပြိုင်နေရဆဲဖြစ်သည်ဟုသိရပါသည်။ ယင်း၏ရံပုံငွေကိုအကျိုးသက်ရောက်မှုရှိစွာအသုံးပြုရန်အတွက်အချိန်ပိုအလုပ်လုပ်ခြင်းကိုလျှော့ချရန်လိုအပ်ခဲ့ပြီးရာထူးနေရာ၅ခုကို

ရွှေ့ပြောင်းခဲ့ကာယာယီအလုပ်လုပ်သူအချို့တို့ကိုစနေတနင်္ဂနွေနေ့များတွင်ဌားရမ်းခြင်းများရှိခဲ့ပါသည်။

- အလုပ်ခွဲဝေရေးနှင့်ပတ်သတ်၍လည်းဆွေးနွေးမှုတစ်ခုပြုလုပ်ခဲ့ကြပါသည်။ မစ္စအဲန်လန် မှနေ၍လည်းဤသည်မှာ ပျမ်းမျှစတုရန်းအရှည်ကို သန့်ရှင်းရေးလုပ်သည့် အလုပ်သမားများကိုကြည့်ကာပြန်လည်သုံးသပ်ခြင်း မျှသာဖြစ်ပြီး အပိုကြိုးပမ်းမှုများလိုအပ်မည့်အခြားသောအဆောက်အအုံများအတွင်းရှိအထူးအကျိုးဆက် များနှင့်လိုအပ်ချက်များကိုလည်းထည့်သွင်းစဉ်းစားသင့်ပါသေးသည်။ ဖုံသန့်ရှင်းရေးEရိယာ "လက်တွဲပူးပေါင်းစို့"မှအလုပ်သမားများသည်လွတ်လပ်နေသောရာထူးနေရာများ၏တာဝန်များ ကိုပါခြုံငုံမိစေရန်အတွက်ယင်းတို့၏နေရာအချို့ကိုလည်းသန့်ရှင်းရေးလုပ်နေရကြောင်းထင်မြင်ချက်များကိုလည်းပေးအပ်ခဲ့ပါသည်။

## <u>နေရာထိုင်ခင်းထိန်းသိမ်းရေးဒါရိုက်တာရှာဖွေမှုနောက်ဆုံးပေါ်သတင်း</u>

နေရာထိုင်ခင်းထိန်းသိမ်းရေးဒါရိုက်တာရှာဖွေရေးကော်မတီဥက္ကဋ္ဌ ဖြစ်သူ မစ္စဖရင်းကလည်းလျှောက်လွှာပေါင်း၁၀၀ကိုရရှိထားပြီးဖြစ်ကြောင်းနှင့် ယင်းတို့အနက်မှစစ်ဆေးလျော့ချထားခဲ့သော၁၀ဦးကို တယ်လီဖုန်းဖြင့်ဆက်သွယ်မေးမြန်းရန်လည်းရှိကြောင်းတင်ပြခဲ့ပါသည်။ လျှောက်ထားသူ၃ဦးမှ၅ဦးအထိသည်ပရဂုဏ်အတွင်းသို့နောက်ဆုံးအဆင့်တွေ့ဆုံမေးမြန်းခြင်းသို့ လစ်လပ်နေသောရာထူးနေရာများကို၂၀၁၂၊ မတ်လ သို့မဟုတ် Eပြီလတို့တွင်ဖြည့်စွက်ရန်မျှော်လင့်ချက်များဖြင့်ဖေဖော်ဝါရီလအတွင်းတွင်ရောက်ရှိလာတော့မည်ဖြစ်ပါသည်။ မစ္စဟော့တ် မှလျှာထားခြင်းခံရသူများကိုယင်းတို့၏အလုပ်နေရာတွင်း တွေ့ဆုံမေးမြန်းခြင်းပြုမည့်နေ့ရက်အတွင်းတွင်ကားဖြင့်လိုက်လံပို့ဆောင်မည်သဖြင့် နေရာထိုင်ခင်းထိန်းသိမ်းရေးဝန်ထမ်းများလုပ်ဆောင်နေသောအလုပ်များ၏အသွင်ပုံစံ တို့ကို တွေ့ရှိနိုင်ခွင့်ရကြမည်ဖြစ်ပါသည်။

မစ္စဟော့တ် နှင့် မစ္စတာချီရှွန်တို့မှ လျှာထားခြင်းခံရသူများကိုမေးမြန်းရန်မေးခွန်းများကို ထုတ်ရန်ဆွေးနွေးရန်တင်ပြခဲ့ကြပါသည်။ ကျွန်ုပ်တို့၏နောက်တစ်ကြိမ်အစည်းအဝေးကျင်းပမည့် ဖေဖော်ဝါရီလ၂ရက်၊ ၂၀၁၂ခုနှစ်တွင်မေးခွန်းများကိုဆက်လက်စဉ်းစားသွားမည်ဖြစ်ပါသည်။ မစ္စတာချီရှွန်နှင့်မစ္စအက်နရူးတို့သည်အစည်းအဝေးတွင်၎င်းအကြံဉာဏ်များကိုတင်ပြပေးမည်ဖြစ်ပြီးယင်းတို့ကိုအစည်းအဝေးနောက်တစ်ကြိမ်အတွက် ဆက်လက်ဆွေးနွေးခြင်းနှင့် မွမ်းမံခြင်းတို့အတွက် မေးခွန်းများအဖြစ်ပြင်ဆင်မည်ဖြစ်ပါသည်။ မစ္စတာချီရှွန်မှ သင်တန်းနှင့်အရည်အချင်းတိုးတက်ရေးဒါရိုက်တာဖြစ်သူ မစ္စဇာရီတာမန်ရေးကိုလည်းထိုအစည်းအဝေးသို့ လာရောက်ကာမေးခွန်းများကို ကူညီထုတ်ပေးရန် အတွက် အညီအကူတောင်းခံမည်ဖြစ်ပါ သည်။

**<u>အခြားစီးပွားရေးများ</u>**

မစ္စဟော့တ်၏ ပြောကြားချက်အရနေရာထိုင်ခင်းထိန်းသိမ်းရေးဝန်ထမ်းနေရာ (၆) ခုနှင့် ဖုံမန်နေဂျာရာထူး (၄) ခုတို့ကိုဖွင့်လှစ်ထားပြီးဖြစ်ကြောင်းနှင့် ဤနွေဦးပေါက်တွင်အဆောက်အအုံသစ်နှစ်ခုကိုဖွင့်လှစ်ရန် ရှိကြောင်း၊ တစ်နည်းအားဖြင့်မကြာမီတွင်ရာထူးနေရာအမြောက်အမြားတွင်ဝန်ထမ်းများကိုခန့်အပ်တော့မည်ဖြစ်ကြောင်းသိရပါသည်။

**<u>နောက်တစ်ကြိမ်အစည်းအဝေး</u>**

အစည်းအဝေးနောက်တစ်ကြိမ်ကိုကြာသပတေးနေ့၊ ဖေဖော်ဝါရီ ၂ရက်၊ ၂၀၁၂၊ မနက်ဂုး၃၀တွင် ကျင်းပပါမည်။